# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ တချက်လွှတ်ဥပဒေ
# ၁၉၆၃ ခုနှစ်၊ ဘဏ်လုပ်ငန်း နိုင်ငံပိုင်ပြုလုပ်ရေးတချက်လွှတ် ဥပဒေ
# [၁၉၆၃ ခုနှစ်၊ တချက်လွှတ်ဥပဒေအမှတ် ၁။]

**[ ပြင်ဆင် : 18.06.1989 ]**

တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါတချက်လွှတ်ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အမည်နှင့် စတင်အာဏာတည်သည့်ရက်။

၁။ ။ (၁) ဤတချက်လွှတ်ဥပဒေကို **၁၉၆၃ ခုနှစ်၊ ဘဏ်လုပ်ငန်းနိုင်ငံပိုင်ပြုလုပ်ရေးတချက်လွှတ်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(၂) ဤတချက်လွှတ်ဥပဒေသည် ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် (၁၃၂၄ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်)နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ ဤတချက်လွှတ်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်-

(က) “ဘဏ်လုပ်ငန်း”ဆိုသည်မှာ၊ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်အက်ဥပဒေနှင့် ထိုဥပဒေအရပြုလုပ်သည့် စည်းမျဉ်းဥပဒေများအရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်က ထုတ်ပေးသည့်လိုင်စင်ဖြင့်သာ လုပ်ကိုင်ရသည့်လုပ်ငန်းကို ဆိုလိုသည်။

(ခ) “ဘဏ်”ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဘဏ်လုပ်ငန်းကို လုပ်ကိုင်သည့် ကုမ္ပဏီ တခုခု၊ သို့မဟုတ် ပုဂ္ဂိုလ်တဦးဦးကိုဆိုလိုသည်။

(ဂ) “တိုင်းရင်းသားပုဂ္ဂလိကပိုင်ဘဏ်” ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းထူထောင်၍၊ ပြည်ထောင်စုမြန်မာနိုင်ငံပိုင် မဟုတ်သည့် ဘဏ်နှင့် ဘဏ်ခွဲများကိုဆိုလိုသည်။ ယင်းစကားရပ် တွင် အောက်ပါတို့ပါဝင်သည်-

(၁) အင်းဝဘဏ်လီမိတက် (Ava Bank Ltd.)၊

(၂) ပြည်ထောင်စု မြန်မာနိုင်ငံသမဝါယမ ဘဏ်လီမိတက် (Union of Myanmar Co-operative Bank Ltd.)၊

(၃) အထက် မြန်မာနိုင်ငံဘဏ် လီမိတက် (Bank of Upper Myanmar Ltd.)၊

(၄) မြန်မာအမျိုးသားဘဏ် လီမိတက် (Myanmar National Bank Ltd.)၊

(၅) မြန်မာနိုင်ငံအရှေ့ပိုင်းဘဏ်လီမိတက် (East Myanmar Bank Ltd.)၊

(၆) ရန်ကုန်ဘဏ်လီမိတက် (Rangoon Bank Ltd.)

Myanmar Law Information System (MLIS)

(၇) ပို့ကုန်-သွင်းကုန်ဘဏ်လီမိတက် (Export-Import Bank Ltd.)၊

(၈) မြန်မာ့စီးပွါးရေးဘဏ်လီမိတက် (Myanmar Economic Bank Ltd.)၊

(၉) ထားဝယ်ဘဏ်လီမိတက် (Tavoy Bank Ltd.)၊

(၁၀) မြန်မာနိုင်ငံ ဗဟိုကူးသန်းရောင်းဝယ်ရေးဘဏ်လီမိတက် (Central Commercial Bank of Myanmar Ltd.)၊

(ဃ) “နိုင်ငံခြားဘဏ်” ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဘဏ်လုပ်ငန်းကို လုပ်ကိုင်နေ သော်လည်း၊ နိုင်ငံခြားတွင် ထူထောင်သည့်ဘဏ်၊ သို့မဟုတ် ဘဏ်ခွဲကိုဆိုလိုသည်။ ယင်းစကား ရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) အိန္ဒိယဗဟိုဘဏ်လီမိတက် (Central Bank of India Ltd.)၊

(၂) ချာတာဘဏ် (Chartered Bank)၊

(၃) ဟာဘစ်ဘဏ် (နိုင်ငံရပ်ခြား)လီမိတက် [Habib Bank (Overseas) Ltd.]၊

(၄) ဟောင်ကောင်နှင့် ရှန်ဟဲဘဏ်လုပ်ငန်းကော်ပိုရေးရှင်း (Hongkong and Shanghai Banking Corporation)၊

(၅) အိန္ဒိယနိုင်ငံရပ်ခြားဘဏ် လီမိတက်(Indian Overseas Bank Ltd.)၊

(၆) မာကင်တိုင်ဘဏ်လီမိတက် (Mercantile Bank Ltd.)၊

(၇) နေရှင်နယ်နှင့်ဂရင်းလေးဘဏ်လီမိတက် (National and Grindlay’s Bank Ltd.)၊

(၈) နီသာလင်ရောင်းဝယ်ရေးအသင်း (Netherlands Trading Society)၊

(၉) နိုင်ငံရပ်ခြားတရုပ်ဘဏ်ကော်ပိုရေးရှင်းလီမိတက် (Oversea-Chinese Banking Corporation Ltd.)၊

(၁၀) ပန်ဂျပ် အမျိုးသားဘဏ်လီမိတက် (Punjab National Bank Ltd.)၊

(၁၁) ယူနိုက်တက်ကော်မာရှယ်ဘဏ်လီမိတက် (United Commercial Bank Ltd.)၊

(၁၂) တရုပ်ပြည်သူ့ဘဏ် (Bank of China)၊

(၁၃) ဆက်သွယ်ရေးဘဏ် (Bank of Communications)၊

(၁၄) အိန္ဒိယနိုင်ငံပိုင်ဘဏ် (State Bank of India)၊

(င) “သတ်မှတ်သည့်ရက်” ဆိုသည်မှာ၊ ဤတချက်လွှတ်ဥပဒေစတင်အာဏာတည်သည့် ရက်ဖြစ် သည်။

Myanmar Law Information System (MLIS)

ဘဏ်လုပ်ငန်းဟူသ၍ကို နိုင်ငံပိုင်ပြုလုပ်ခြင်း။

၃။ ။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် ဘဏ်လုပ်ငန်းမှန်သမျှကို နိုင်ငံကသာလျှင် လုပ်ကိုင်ရမည်။

တိုင်းရင်းသားပုဂ္ဂလိကပိုင် ဘဏ်များနှင့် နိုင်ငံခြားဘဏ်များ၏ လုပ်ငန်းများကို တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအား လွှဲပြောင်းပေးခြင်း။

၄။ ။ (၁) သတ်မှတ်သည့်ရက်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပုဂ္ဂလိကပိုင် ဘဏ်များနှင့် နိုင်ငံခြားဘဏ်များ၏ လုပ်ငန်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအား၊ လွှဲပြောင်းပေးရမည်၊ သို့မဟုတ်လက်ဝယ်ရောက်ရှိစေရမည်။

(၂) တိုင်းရင်းသားပုဂ္ဂလိကပိုင်ဘဏ်၊ သို့မဟုတ်နိုင်ငံခြားဘဏ်၏ လုပ်ငန်းဟု ဆိုရာတွင် ရပိုင်ခွင့် အားလုံးပါဝင်သည်ဟု မှတ်ယူရမည်။ ဆိုလိုသည်မှာ အခွင့်အရေးများ(Rights)၊ အာဏာများ (Powers)၊ အာဏာသက်ရောက်မှုများ (Authorities)နှင့် ရယူပိုင်ခွင့်များ (Privileges) နှင့် ငွေလက်ကျန်များ၊ ရံပုံငွေများ၊ ဌာနချုပ်ရုံးမှ ယူလာသောငွေများ၊ အခြားငွေများ၊ မြှုပ်နှံသည့်ငွေများ၊ ရရန်ရှိသောငွေ အပါအဝင် ရွှေ့ပြောင်းနိုင်သည့်၊ သို့မဟုတ် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းအားလုံး၊ ၎င်းပြင် သတ်မှတ်သည့် ရက်မတိုင်မီ အနီးကပ်ဆုံးအချိန်တွင် တိုင်းရင်းသားပုဂ္ဂလိကပိုင်ဘဏ်၊ သို့မဟုတ် နိုင်ငံခြားဘဏ် ပိုင်ဆိုင်သည့် ယင်းသို့သောပစ္စည်းများ၏၊ သို့မဟုတ် ယင်းသို့သောပစ္စည်းများမှ ထွက်ပေါ်လာသည့် အကျိုးများနှင့် အခွင့်အရေးများနှင့်တကွ သက်ဆိုင်သည့် စာအုပ်များ၊ စာရင်းများ၊ စာချုပ်စာတမ်းများ ပါဝင်သည်။ ၎င်းပြင် ပေးရန်ရှိသည်အားလုံးကိုလည်း ပါဝင်သည်ဟုမှတ်ယူရမည်။ ဆိုလိုသည်မှာ တသီးပုဂ္ဂလိကပိုင်ဘဏ်၊ သို့မဟုတ် နိုင်ငံခြားဘဏ်၏ရှိရင်းစွဲကြွေးအားလုံး (Debts)၊ပေးရန်ရှိသည် အားလုံး (Liabilities)၊ အမျိုးမျိုးသောတာဝန်အားလုံး (Obligations) ပါဝင်သည်။

(၃) သတ်မှတ်သည့်ရက်မတိုင်မီ အနီးကပ်ဆုံးအချိန်တွင် တိုင်းရင်းသားပုဂ္ဂလိကပိုင်ဘဏ်၊ သို့မဟုတ် နိုင်ငံခြားဘဏ်တခုခုကိုယ်တိုင်က၊ သို့မဟုတ် ကိုယ်စားအတွက်ပါဝင်ပြုလုပ်ထား၍ အသက်ဝင်နေသည့် ကန်ထရိုက်စာချုပ်များ (Contracts)၊ ဒိစာချုပ်များ (Deeds)၊ ဘွန်းစာချုပ်များ (Bonds)၊ သဘော တူညီချက်များ (Agreements)၊ ကိုယ်စားလည်လွှဲစာများ (Powers of Attorney)၊ ဥပဒေအရ ကိုယ်စားပြုခွင့်များ (Grants of legal representation) နှင့်အခြား မည်သို့သော စာချုပ်မျိုးမဆို၊ ဤတချက်လွှတ်ဥပဒေတွင်သော်၎င်း၊ ဤတချက်လွှတ်ဥပဒေအရသော်၎င်း၊ တသီးတခြားပြဋ္ဌာန်းထားသည်မှအပ၊ ယင်းတိုင်းရင်းသားတသီးပုဂ္ဂလိကပိုင်ဘဏ်၊ သို့မဟုတ် နိုင်ငံခြားဘဏ်အစား၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌက ပါဝင်ပြုလုပ်ထားဘိသကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအကျိုးအတွက်သော်၎င်း၊ ဆန့်ကျင်ဘက်သော်၎င်း၊ ပြည့်ဝစွာ အရာရောက် စေရမည်။ ထို့ပြင် တသီးပုဂ္ဂလိကပိုင်ဘဏ်၊ သို့မဟုတ် နိုင်ငံခြားဘဏ်အစား၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင်က၊ သို့မဟုတ် ကိုယ်စားအတွက် ပါဝင်ပြုလုပ်ထားဘိသကဲ့သို့ စည်းကြပ်၊ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ရမည်။

(၄) သတ်မှတ်သည့်ရက်တွင် တိုင်းရင်းသားပုဂ္ဂလိကပိုင်ဘဏ်၊ သို့မဟုတ် နိုင်ငံခြားဘဏ်တခု၏ အကျိုးအတွက်ဖြစ်စေ၊ သို့မဟုတ် ဆန့်ကျင်ဘက်ဖြစ်စေ မပြီးပြတ်သေးသည့် မည်သည့်အမှု၊ အယူခံမှု၊ သို့မဟုတ် ဥပဒေနှင့်သက်ဆိုင်သည့် မည်သို့သော အရေးအခင်းပင်ဖြစ်စေ၊ ယင်းတိုင်းရင်းသား ပုဂ္ဂလိက ပိုင်ဘဏ်၊ သို့မဟုတ် နိုင်ငံခြားဘဏ်၏လုပ်ငန်းကို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအားလွှဲပြောင်းပေးရသည့်အတွက် ဖြစ်စေ၊ ဤတချက်လွှတ်ဥပဒေ ပြဋ္ဌာန်းချက်တရပ်ရပ်အတွက်ဖြစ်စေ တန့်သွားခြင်း၊ ရပ်ဆိုင်းသွားခြင်း၊ သို့မဟုတ် အခြားတနည်းနည်းဖြင့် ထိခိုက်နစ်နာခြင်း မဖြစ်စေရ။ ယင်းအမှု၊ အယူခံမှု၊ သို့မဟုတ် ဥပဒေနှင့် သက်ဆိုင်သည့် အခြားအရေးအခင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌအတွက် ဖြစ်စေ၊ သို့မဟုတ် ဆန့်ကျင်ဘက်ဖြစ်စေ ဆက်လက် ဆောင်ရွက်ရမည်၊ စစ်ဆေးရမည်၊ စည်းကြပ်ရမည်။

တိုင်းရင်းသားတသီးပုဂ္ဂလိကပိုင်ဘဏ်များ၏ အစုရှယ်ယာများ။

၅။ ။ (၁) တိုင်းရင်းသား တသီးပုဂ္ဂလိကပိုင် ဘဏ်များ၏ ငွေရင်းတွင် ပါဝင်သည့်အစုရှယ်ယာအားလုံး ကို ခံဝန်ချုပ်များ (Trusts)၊ ပေးရန် တာဝန်များ (Liabilities) နှင့် အနှောင်အဖွဲ့များ (encumbrances) မပါစေဘဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအား လွှဲပြောင်းပေးရမည်၊သို့မဟုတ် လက်ဝယ်ရောက်ရှိစေရမည်။

(၂) အထက်ပုဒ်မခွဲ (၁) အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအားလွှဲပြောင်းပေးရမည့် အစုရှယ်ယာပိုင်ရှင်များ-

(က) အားလွှဲပြောင်းပေးရသည့် အစုရှယ်ယာတန်ဘိုးထဲမှ ပေးသွင်းပြီးဖြစ်သော ငွေများကို ယင်းအစု ရှယ်ယာများအား လွှဲပြောင်းပေးသည့်ရက်မှ ရက်ပေါင်းကိုးဆယ်အတွင်း ပြန်အမ်းရမည်။

(ခ) သည်၊ ၁၉၆၂ ခုနှစ်၊ ဒီဇင်္ဘာလ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ကာလအတွက် ကြေညာပြီး၍ မိမိတို့အစုရှယ်ယာများအတွက် ရရန်ကျန်ရှိသော အစုရှယ်ယာအပေါ်ခွဲဝေသည့် အမြတ်များကို ရပိုင်ခွင့် ရှိစေရမည်။ အကယ်၍၊ ၁၉၆၂ ခုနှစ်၊ ဒီဇင်္ဘာလ ၃၁ ရက်နေ့တွင် ကုန်ဆုံးသောကာလအတွက် အစုရှယ် ယာအပေါ် ခွဲဝေသည့်အမြတ်ကို မကြေညာရသေးလျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည် သက်ဆိုင်ရာ စာရင်းများကို စစ်ဆေး၍ အစုရှယ်ယာအပေါ် ခွဲဝေသည့်အမြတ်နှုန်းထားကို သတ်မှတ်ပေး၍ ထိုသို့ သတ်မှတ်သည်အတိုင်း အစုရှယ်ယာဝင်များသည် ရပိုင်ခွင့်ရှိစေရမည်။

(ဂ) သည်၊ သက်ဆိုင်ရာ တိုင်းရင်းသား တသီးပုဂ္ဂလိကပိုင်ဘဏ်ပိုင်ပစ္စည်းများအတွက် လျော်ကြေး ရပိုင်ခွင့်ရှိစေရမည်။ သို့ရာတွင် သတ်မှတ်သည့်ရက်မတိုင်မီ အနီးကပ်ဆုံးကာလတွင် ယင်းဘဏ်များက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အသားတင်ပေးဆပ်ရန်ရှိသည်တို့ကို ခုနှိမ်ရမည်။ ဤကိစ္စအလို့ငှါ မှန်ကန်သော လျော်ကြေးတောင်းဆိုမှုနှင့် ကျသင့်သော လျော်ကြေးပမာဏကို စစ်ဆေးသတ်မှတ်ပေးရန် တော်လှန်ရေးကောင်စီဥက္ကဋ္ဌက ကော်မရှင်တရပ်ကို ဖွဲ့စည်းပေးရမည်။

**တိုင်းရင်းသားတသီးပုဂ္ဂလိကပိုင် ဘဏ်များ၏ ဒါရိုက်တာအဖွဲ့များ။**

(၃) တိုင်းရင်းသား တသီးပုဂ္ဂလိကပိုင်ဘဏ်များ၏ ဒါရိုက်တာအဖွဲ့များကို ဖျက်သိမ်းရမည်။ မည်သူမဆို မန်နေဂျင်းဒါရိုက်တာ၊ သို့မဟုတ် လက်ထောက်မန်နေဂျင်းဒါရိုက်တာ၊ သို့မဟုတ် ဒါရိုက်တာ၊ သို့မဟုတ်

ဘဏ်ခွဲ၏ဘုတ်အဖွဲ့ဝင်အဖြစ်အမှုထမ်းရွက်နေလျှင် သတ်မှတ်သည့်ရက်မှစ၍၊ ထိုရာထူးကိုစွန့်လွှတ်လိုက်ရပြီဟု မှတ်ယူရမည်။ တည်ဆဲအခြားဥပဒေတရပ်ရပ်တွင်၊ မည်သို့ပင်ဆိုစေ ကာမူ၊ သို့မဟုတ် မည်သို့သောသဘောတူညီချက်၊ ကန်ထရိုက်စာချုပ်တွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤသို့ ရာထူးစွန့်လွှတ်ရသည်ကို အကြောင်းပြု၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌထံမှ လျော်ကြေးဖြစ်စေ၊ အခြားကြေးငွေဖြစ်စေ၊ အခွင့်အရေးဖြစ်စေ တောင်းဆိုသမှုပြုနိုင်ခွင့်မရှိစေရ။ သို့ရာ တွင် အဆိုပါပုဂ္ဂိုလ်သည် အထက်ဖော်ပြပါပုဒ်မ ၄ (၁) တွင်ပြဋ္ဌာန်းထားသည့်အတိုင်း၊ လုပ်ငန်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌ အားလွှဲပြောင်းပေးရန်အတွက် လုပ်ရန်ကိစ္စ အဝဝကို ပြီးစီးအောင် လုပ်ကိုင်သွားရမည်။

နိုင်ငံခြားဘဏ်များ၏ ဌာနချုပ်ရုံးများမှ ယူလာသောငွေများ။

၆။ ။ (၁) နိုင်ငံခြားဘဏ်များ၏ ဌာနချုပ်ရုံးမှ မူလသွင်းယူလာသော ငွေရင်းများကို၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌအား လွှဲပြောင်းပေးရမည်၊ သို့မဟုတ် လက်ဝယ်ရောက်ရှိစေရ မည်။

(၂) အထက်ဖော်ပြပါ ပုဒ်မခွဲ (၁) အရ၊ လွှဲပြောင်းပေးရသည့် နိုင်ငံခြားဘဏ်များ၏ဌာနချုပ်ရုံးများ၏ မူလသွင်းယူလာသော ငွေရင်းများအတွက် သက်ဆိုင်ရာနိုင်ငံခြားဘဏ်များ၏ ဌာနချုပ်ရုံးများအား၊ အဆိုပါ ငွေရင်းများကို သွင်းယူလာသည့် နိုင်ငံခြားငွေ အမျိုးအစားဖြင့် သတ်မှတ်သည့်ရက်မှစ၍၊ ရက်ပေါင်းကိုးဆယ်အတွင်း ပြန်လည်ပေးချေရမည်။

**နိုင်ငံခြားဘဏ်များ၏ ဌာနချုပ်ရုံးများ ပိုင်သောပစ္စည်းများ။**

(၃) နိုင်ငံခြားဘဏ်များ၏ဌာနချုပ်ရုံးများသည် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ကလွှဲပြောင်းယူခြင်းခံရသော ၎င်းတို့ပိုင် ပစ္စည်းများအတွက် လျော်ကြေးရရှိစေရမည်။ သို့ရာတွင် သတ်မှတ်သည့်ရက်မတိုင်မီ အနီးကပ်ဆုံးကာလတွင် ယင်းဘဏ်များက ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းအသားတင် ပေးဆပ်ရန်ရှိသည်ကို ခုနှိမ်ရမည်။ ဤကိစ္စအလို့ငှါ မှန်ကန်သောလျော်ကြေး တောင်း ဆိုမှုနှင့် သင့်လျော်သောလျော်ကြေးပမာဏကို စစ်ဆေးသတ်မှတ်ပေးရန် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက ကော်မရှင်တရပ်ကို ဖွဲ့စည်းပေးရမည်။

(၄) နိုင်ငံခြားဘဏ်ဌာနချုပ်ရုံး၏ ဒေသဆိုင်ရာရုံးထိုင် (resident)၊ သို့မဟုတ် ကိုယ်စားလည်၊ သို့မဟုတ် ကိုယ်စားလည်အဖြစ်ဆောင်ရွက်သည့် အရာရှိသည်၊ သတ်မှတ်သည့်ရက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ ဘဏ်၊ သို့မဟုတ် ဘဏ်ခွဲ၏လုပ်ငန်းနှင့်ပတ်သက်၍၊ ၎င်းရာထူးကို စွန့်လွှတ်ပြီး ဖြစ်သည်ဟုမှတ်ယူရမည်။ ၎င်းပြင် တည်ဆဲအခြားဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ၊ သို့မဟုတ် မည်သည့်သဘောတူညီချက်၊ ကန်ထရိုက်စာချုပ်တွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤသို့ရာထူးစွန့် လွှတ်ရသည်ကို အကြောင်းပြု၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌထံမှ လျော်ကြေး ဖြစ်စေ၊ အခြားကြေးငွေဖြစ်စေ၊ အခွင့်အရေးဖြစ်စေ၊ တောင်းဆိုသမှုပြုနိုင်ခွင့်မရှိစေရ။ သို့ရာတွင် အဆိုပါ ပုဂ္ဂိုလ်သည် အထက်ဖော်ပြပါ ပုဒ်မ ၄ (၁) တွင် ပြဋ္ဌာန်းထားသည့် အတိုင်း၊ လုပ်ငန်းကို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌအား လွှဲပြောင်းပေးရန်အတွက် လုပ်ရန်ကိစ္စအဝဝကို ပြီးစီးအောင်လုပ်ကိုင်သွားရမည်။

Myanmar Law Information System (MLIS)

တိုင်းရင်းသားပုဂ္ဂလိကပိုင်ဘဏ်များနှင့် နိုင်ငံခြားဘဏ်များ၏ အရာရှိများနှင့် အခြားအမှုထမ်းများ။

၇။ ။ (၁) သတ်မှတ်သည့်ရက်မတိုင်မီ အနီးကပ်ဆုံးကာလတွင် တိုင်းရင်းသားပုဂ္ဂလိကပိုင်ဘဏ်၊ သို့မဟုတ် နိုင်ငံခြားဘဏ်တခု၏ လုပ်ငန်းတွင် လုပ်ကိုင်နေသည့်အရာရှိ၊ သို့မဟုတ် အခြားအမှုထမ်း တဦးတယောက်သည်၊ သတ်မှတ်သည့် ရက်မှစ၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏အရာရှိ၊ သို့မဟုတ် အခြားအမှုထမ်းဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းအရာရှိ၊ သို့မဟုတ် အခြားအမှုထမ်းသည် သက်ဆိုင်ရာ ရာထူးကို ထမ်းရွက်ရာ၌ အဆိုပါ တိုင်းရင်းသား ပုဂ္ဂလိကပိုင်ဘဏ်၊ သို့မဟုတ် နိုင်ငံခြားဘဏ်လုပ်ငန်းကို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌအားလွှဲ ပြောင်းမပေးရဘဲနေရလျှင်၊ သတ်မှတ်သောရက်၌ ရရှိနေမည့် အခွင့်အရေး အားလုံးကိုခံစား ခွင့်ရရှိ စေရမည်။ ထိုအခွင့်အရေးများတွင် ရာထူးသက်တမ်း (tenure)၊ လစာ (remuneration)၊ ပင်စင် (pension)၊ ဂရုဏာကြေး (gratuity) နှင့် အခြားအရေးကိစ္စများနှင့် ပတ်သက်သည့် အခွင့်အရေးများ၊ ခံဝန်ချက်များပါဝင်သည်။ ယင်းသို့အခွင့်အရေးများရရှိရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌက ရာထူးခန့်ထားသည့် သက်တမ်းအတွင်း၊ သို့မဟုတ် အဆိုပါ အခွင့်အရေးများကို မပြောင်းလဲသေးသည့်ကာလအတွင်း ရရှိရမည်ဖြစ်သည်။

(၂) သတ်မှတ်သည့်ရက်တွင် တိုင်းရင်းသားပုဂ္ဂလိကပိုင် ဘဏ်တခုမှ ပင်စင် (pension)၊ သို့မဟုတ် အိုမင်းသည့်အတွက် အငြိမ်းစားစရိတ် (superannuation allowance)၊ သို့မဟုတ် သဒ္ဓါကြေးစရိတ် (compassionate allowance) ရရှိနေသူ၊ သို့မဟုတ် နိုင်ငံခြားဘဏ်တခုတွင် အမှုထမ်းရွက်ခဲ့သည့်အတွက် ယင်းဘဏ်မှ ပင်စင် (pension)၊ သို့မဟုတ် အိုမင်းသည့်အတွက် အငြိမ်းစားစရိတ် (superannuation allowance)၊ သို့မဟုတ် သဒ္ဓါကြေးစရိတ် (compassionate allowance) ရရှိနေ၍ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သူ၊ သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သူတဦးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌထံမှ အလားတူပင်စင် (pension)၊ သို့မဟုတ် အိုမင်းသည့် အတွက်အငြိမ်းစားစရိတ် (superannuation allowance)၊ သို့မဟုတ် သဒ္ဓါကြေးစရိတ် (compassionate allowance) ရရှိနိုင်ခွင့်ရှိစေရမည်။

(၃) အထက်ပါပုဒ်မခွဲ (၁) နှင့် (၂) တွင် မည်သို့ပင်ပါရှိစေကာမူ ၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့ နောက်ပိုင်းနှင့် သတ်မှတ်သည့်ရက်မတိုင်မီကာလအတွင်းတွင် ရာထူးတိုးမြှင့်မှုများ၊ လစာ၊ ပင်စင်၊ ကြေးငွေနှင့် အခွင့်အရေးတိုးမြှင့်မှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာတိုင်းရင်းသားပုဂ္ဂလိကပိုင်ဘဏ်၊ သို့မဟုတ် နိုင်ငံခြားဘဏ်၏ ၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့မတိုင်မီကာလအတွင်း တည်ရှိနေသော စည်းမျဉ်းများ၊ ပြဋ္ဌာန်းချက်များ၊ သို့မဟုတ် အိုနာစာရံပုံငွေ (provident fund)၊ ပင်စင် (pension) နှင့် အခြားရံပုံငွေဥပဒေများနှင့် မကိုက်ညီလျှင် ယင်းကိစ္စများသည် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌက သဘောမတူမခြင်း အရာရောက်မှုမရှိစေရ၊ ပေးပိုင်ခွင့်မရှိစေရ။ ၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့နောက်ပိုင်းနှင့် သတ်မှတ်သည့် ရက်မတိုင်မီ ကာလအတွင်းတွင် တိုင်းရင်းသား ပုဂ္ဂလိကပိုင်ဘဏ်၊ သို့မဟုတ် နိုင်ငံခြားဘဏ်တခု၏ ဒါရိုက်တာ၊ သို့မဟုတ် အရာရှိ၊ သို့မဟုတ် အခြားအမှုထမ်းတဦးအား ငွေကြေးတစုံတရာ ထုတ်ပေးခဲ့လျှင် ထိုသို့ထုတ်ပေးသည်ကို

Myanmar Law Information System (MLIS)

ပြည်ထောင်စုမြန်မာ နိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌက အတည်မပြုလျှင် ယင်းထုတ်ပေးသည့်ငွေကို ပြည်ထောင်စုမြန်မာ နိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌက ပြန်လည်တောင်းခံနိုင်ခွင့်ရှိစေရမည်။

(၄) တည်ဆဲ အခြားဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ၊ တိုင်းရင်းသားပုဂ္ဂလိကပိုင်ဘဏ်များနှင့် နိုင်ငံခြားဘဏ်များ၏ အရာရှိနှင့် အခြားအမှုထမ်းများကို လွှဲပြောင်းယူသည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌထံမှ မည်သို့သောလျော်ကြေးကိုမဆို တောင်းဆိုနိုင်သည့်၊ သို့မဟုတ် ဝါဏိဇ္ဇပဋိပက္ခမှုအဖြစ် ဆွဲဆိုနိုင်သည့် အကြောင်းပြချက်မဖြစ်စေရ။

အိုနာစာရံပုံငွေနှင့် အခြားရံပုံငွေများ။

၈။ ။ တိုင်းရင်းသားပုဂ္ဂလိကပိုင်ဘဏ်များနှင့် နိုင်ငံခြားဘဏ်များ၏ တည်ဆဲ အိုနာစာရံပုံငွေ (provident fund)၊ ပင်စင် ရံပုံငွေ (Pension fund)၊ ဂရုဏာကြေးရံပုံငွေ (gratuity fund) နှင့် အခြားရံပုံငွေကို ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအားလွှဲပြောင်းပေးရမည်။ ယင်းရံပုံငွေများတွင် အကျိုးသက်ဝင်နေသည့်အားလုံးသော ပုဂ္ဂိုလ်များ၏ အကျိုးသည် သတ်မှတ်သည့် ရက်မတိုင်မီ အနီးကပ်ဆုံးကာလအတွင်းကကဲ့သို့ ဆက်လက်တည်ရှိစေရမည်။

နည်းဥပဒေများ ပြုလုပ်နိုင်ခွင့်။

၉။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ ဤတချက်လွှတ်ဥပဒေ၏ ရည်ရွယ် ချက်များကို ဖြစ်မြောက်စေရန် အတွက် လိုအပ်သည့်နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

အာဏာလွှဲပိုင်ခွင့်။

၁၀။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ ပုဂ္ဂိုလ်အများပါဝင်သော အဖွဲ့ တခု အား၊ သို့မဟုတ် ပုဂ္ဂိုလ်တဦးအား ဤတချက်လွှတ်ဥပဒေပါ အာဏာများကို သုံးစွဲရန် လွှဲအပ်နိုင် သည်။

ပြစ်ဒဏ်များ။

၁၁။ ။ မည်သူမဆို ဤတချက်လွှတ် ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သို့မဟုတ် ဤတချက်လွှတ်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ သို့မဟုတ် ညွှန်ကြားချက်များကို ဆန့်ကျင်လျှင် ကျပ်ငါးထောင်အထိ ငွေဒဏ်၊ သို့မဟုတ် ငါးနှစ်အထိ ထောင်ဒဏ်၊ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး အပြစ်ပေးစီရင်ခြင်းခံရမည်။

ဗိုလ်ချုပ်ကြီး နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၄ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်။
(၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်။)

Myanmar Law Information System (MLIS)